
စေတန်(နတ်ဆိုး)
ကားပျက်သော
ညတစ်ည

# ကားပျက်သော ညတစ်ည

(စ/ဆုံး)

စားပွဲပေါ်တွင် တင်ထားသော လက်ကိုင်ဖုန်း မြည်လာသဖြင့် လုပ်လက်စ စာရင်းစာအုပ်ကိုဘေးသို့ ချလိုက်ပြီး ဖုန်းကိုင်လိုက်ရသည် ။ မေမေ့ဆီက ဖုန်းပင်။

"ဟဲလိုမေမေ"

"သား ... သားအဘွား ရုတ်တရက်ကြီး ဆုံးပြီတဲ့ "

"ဗျာ"

ငိုသံပါကြီးနှင့် မေမေ့အပြောကြောင့် ကျွန်တော် မယုံနိုင်အောင် ဖြစ်သွားရသည် ။ ညကပဲ အဘွားဆီ ဖုန်းခေါ်ပြီး ရောက်တက်ရာရာ အကြောင်းတွေ ပြောခဲ့ကြသည် ။ အခုတော့ အဘွားဆုံးပြီတဲ့ ။

"အဲဒါ မေမေနဲ့ သားဖေဖေ သားအဘွား အိမ်ခုပဲ သွားမှ ဖြစ်မယ် သားလည်း အလုပ်သိမ်းပြီးရင်လိုက်လာခဲ့"

"ဟုတ်ကဲ့ မေမေ သားလိုက်လာခဲ့မယ်"

မေမေ့ဆီမှ ဖုန်းကျသွားသည် နှင့် လုပ်လက်စ အလုပ်တွေကို အမြန်လက်စသတ်ကာ အိမ်သို့ပြန်လာလိုက်သည် ။ အိမ်ရောက်ရောက်ချင်း လိုအပ်တာ ပြင်ဆင်ပြီးသည် နှင့် ကားမောင်းကာ ထွက်လာလိုက်သည်

အဘွားနဲ့ အဘိုးက နယ်မှာ နေသည့် ဖေဖေနဲ့ မေမေ အိမ်ထောင်ကျ ပြီး နောက် နယ်မှာ စီးပွားရေး လုပ်ရတာ အဆင်မပြေတာနှင့် ရန်ကုန်သို့ သွားကာ စီးပွားရေး လုပ်ကိုင်ခဲ့ကြရင်း အခြေချဖြစ်သွားသည် ။ ယခုကျွ န်တော့် တစ်သက်ပင် ရှိပြီဖြစ်သည် ။ နယ်က အဘိုးနှင့် အဘွားဆီကို တော့ မကြာမကြာ ရောက်ဖြစ်သည် ။

ကားမောင်းနေရင်း လက်မှ နာရီကိုကြည့်မိတော့ ညနေ ၅ နာရီခွဲပင် ရှိပြီ အဘွားအိမ်ကိုရောက်ဖို့ က ၅ နာရီလောက် မောင်းရမည် ညဥ့်နက် မှ ရောက်မည် ဖြစ်သည် ။

သည် လိုနှင့် တဖြည်းဖြည်း ညအမှောင်ထုကြီးက ကြီးစိုးလာခဲ့သည် ထိုစဉ်ကားမှာ ရုတ်တရက်ထိုးရပ်သွားသည် ။ ဆီကုန် သွားတာလည်း မဟုတ် စက်ပြန်နှိုးကြည့်လည်း မရသဖြင့် စိတ်ညစ်သွားမိသည် ။

"ဟာကွာ အရေးထဲမှ ဖြစ်ရတယ်လို့ "

ကားမပြင်တတ်သည့် ကျွန်တော့်အဖို့ အခုလို ညဘက်ကြီး လမ်းမှာ ကားပျက်သည့် အတွက်ဒုက္ခအကြီးကျယ် ရောက်နေမိသည် ပို၍ ဆိုးသ ည် က အကူညီတောင်းဖို့ ဖြတ်သွား ဖြတ်လာကားပင် မတွေ့ရ ဤနေ ရာသည် လူပြတ်သော လမ်းပင် ဖြစ်မည်။

စိတ်ညစ်ညစ်နှင့် ကားပေါ်က ဆင်းလာလိုက်ပြီး ဖုန်းမီး အလင်းရော င်ကို အားပြုကာ ဘေးပတ်ဝန်းကျင်ကို အကဲခတ် ကြည့်လိုက်သည် ။

သို့သော် အရာအားလုံးက မှောင်မည်း တိတ်ဆိတ် နေလေသည် ။ ဒီ ပုံဆို မိုးလင်းတဲ့ အထိလမ်းမှာ ပဲ နေရမည့် ပုံပေါ်သည် ။

ထိုစဉ် ကျွန်တော် ကြည့်နေသည့် ရှေ့တည့်တည့်၌ အလွန်လင်းထိန် နေသော အိမ်တစ်လုံးကို လှမ်းမြင်လိုက်ရသည် ။ စောစောတုန်းက ပတ်

ဝန်းကျင် တစ်ခုလုံး မှောင်အတိ ဖုံးနေသည်  ယခုရုတ်တရက်ကြီး မီးထိ န်ထိန် လင်းနေသော အိမ်တစ်အိမ် ဘွားခနဲ ပေါ်လာသည့် အတွက် အရမ်းဝမ်းသာ သွားမိသည် ။

"ဘာလို့ ဒီအိမ်က အခုမှ မီးဖွင့်တာပါလိမ့် ထူးတော့ ထူးဆန်းတယ် ဘာပဲဖြစ်ဖြစ် အကူညီသွားတောင်းကြည့်ရမယ်"

ထိုအိမ်ဆီသို့ ဖုန်းမီး အလင်းရောင်ကို အားပြု ပြီးသွားလိုက်သည် သိပ်မဝေးပါ (၁၀) မိနစ်လောက်သာ သွားရသည်  ထိုအိမ်၏ ခြံတံခါး ရှေ့သို့ ကျွန်တော် ရောက်လာခဲ့သည် ။

အိမ်မှာ ၂ ထပ် ရှိပြီး အတော်လေးကို ကြီးမားသည် ။

"မိုးကောင်းကင် ရာဘာပြားစက်ရုံ"

တံခါးဝတွင် ကပ်ထားသော ဆိုင်းဘုတ်ကို ကျွန်တော် အသံထွက် ရွ တ်ဖတ်လိုက်မိသည် ။

"ရာဘာပြား စက်ရုံကြီးပါလား"

ထို့နောက် အထဲသို့ ချောင်းကြည့်လိုက်ရာ မည်သူ တစ်ဦးတစ်ယော က်ကိုမှ မတွေ့ရချေ။ ခြံတံခါးမှာ  စေ့ရုံစေ့ထားသောကြောင့် အသာတွ န်းဖွင့်ကာ အထဲသို့ ကျွန်တော် ဝင်လာလိုက်သည် ။ သို့တိုင်အောင် လူ ရိပ်လူခြေ မတွေ့ရသေး တစ်ခုခုတော့ တစ်ခုခုပဲဟု တွေးနေတုန်း ...

"ဟေ့ ... မင်းဘယ်သူလဲ"

နောက်မှ မာန်ပါပါ မေးသံကြောင့် ကျွန်တော် လန့်သွားမိသည် ။ လှ ည့်ကြည့်လိုက်တော့ အရပ်မြင့်မြင့် ထောင်ထောင် မောင်းမောင်း အ သားညိုညိုနှင့် ခန့်မှန်းခြေ အသက် ၃၀ ကျော်လောက်ရှိမည့် နက်ပြာ ရောင် အကွက်ပုဆိုးနှင့် ရှပ်အင်္ကျီလက်ရှည် မီးခိုးရောင်ကို သပ်ရပ်စွာ ဝ

တ်ထားသည့် ယောကျ်ားပီသသည့် သူတစ်ဦးကို တွေ့လိုက်ရသည် ။

"ကျွန်တော် အကူညီ လိုလို့ လာတာပါ ဘယ်သူ့ကိုမှ မတွေ့တာနဲ့ ဒီအတိုင်း ဝင်လာမိတာပါ sorry ပါဗျာ"

"ဟုတ်လား ဒါဆို အထဲဝင်ပါဦး"

"ဟုတ်ကဲ့ ကျေးဇူးပါခင်ဗျ"

ပြောပြီး ထိုလူအိမ်ထဲသို့ လှမ်းဝင်သွားသဖြင့် ကျွန်တော်လည်း အမြန်လိုက် ဝင်လာလိုက်သည် ။ အထဲသို့ စဝင်လိုက်သည် နှင့် ဆူညံသော စက်သံတွေနှင့် အတူ အလုပ်လုပ် နေကြသော ယောကျ်ားလေး အလုပ်သမား အများ ပြားကို တွေ့လိုက်ရသည် ။ ကျွန်တော် အထဲသို့ ရောက်သည် နှင့် ထိုသူများ အလုပ်လုပ်နေသည် ကို ရပ်လိုက်ပြီး ကျွန်တော့်အား ထူးဆန်းသည့် အကြည့်ဖြင့် ဝိုင်းဝန်း ကြည့်နေကြတော့သည် ကျွန်တော်လည်း အားလုံးကို ပြုံးပြလိုက်မိသည် ။

"အားလုံး ကိုယ့်အလုပ်ကိုယ် ပြန်လုပ်ကြ"

ထိုလူမာန်ပါပါ အမိန့်ပေးလိုက်သည် နှင့် အလုပ်သမားများ အလုပ်ပြန်လုပ် နေလိုက်ကြသည် ။

"ဒီလူ အာဏာ တော်တော် ပြင်းတာပဲ"

ကျွန်တော့် စိတ်ထဲ ရေရွတ်လိုက်မိသည် ။

"အစ်ကို့နောက်လိုက်ခဲ့"

"ဟုတ်ကဲ့"

ထိုလူဦးဆောင် သွားရာ နောက်သို့ ကျွန်တော် လိုက်လာခဲ့လိုက်သည် ။ အပေါ်ထပ်သို့ပင်။

အပေါ်ထပ်တွင် တော့ အလုပ်သမားများ မရှိ အိမ်တစ်အိမ်ကဲ့သို့ပင် ဧည့်ခန်းနှင့် အခန်းတွေလည်း ရှိနေလေသည် ။ ကြည့်ရတာ အောက်ထပ်တွင် အလုပ်ရုံအဖြစ် ထားပြီး အပေါ်ထပ်တွင် တော့ လူနေသည့် ပုံရသည် ။ ဧည့်ခန်းကျွန်း ကုလားထိုင်ကြီးပေါ်တွင် ထိုလူ ဝင်ထိုင်လိုက်သဖြင့် ကျွန်တော်လည်း ဝင်ထိုင်လိုက်သည် ။

"အကူညီလိုလို့ ပြောခဲ့တယ်နော် ဘယ်လို အကူညီပေးရမလဲ ပြောပါဦး"

"ကျွန်တော့် ကားလမ်းမှာ ပျက်သွားလို့ ပါ ကျွန်တော်လည်း ဘာမှ မလုပ်တတ်နဲ့ လမ်းမှာ ဒုက္ခရောက်နေတာပေါ့ အဲဒါနဲ့ ဒီအိမ်က မီးလင်းနေတာ တွေ့လို့ အကူညီလေး တောင်းမလို့ လာခဲ့တာပါ"